[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

အောက်တိုဘာလ ၄ရက်၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## စက်တင်ဘာလ ၁-၃၀ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဩဂုတ်လ ၃၁ရက်၊ ၂၀၂၅ | စက်တင်ဘာလ ၁ – ၃၀ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၉၄ | ၃ | ၆၉၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၇၅ | ၁၀ | ၅၈၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၁၄ | ၁၁ | ၉၂၅ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၈ | | ၁၅၇၈ |
| | ဒီးမော့ဆိုမြို့နယ် | ၆၇၅ | ၆ | ၆၈၁ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၇၅၇ | | ၇၅၇ |
| | ဖရူဆိုမြို့နယ် | ၁၆၂ | | ၁၆၂ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၈၇ | | ၁၈၇ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း |
|---|

| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဩဂုတ်လ ၃၁ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် စက်တင်ဘာလ ၁– ၃၀ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
|---|---|---|---|---|
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

*အာဏာသိမ်း စစ်ကောင်စီ ထိုးစစ်ဆင်နေသော ဘောလခဲလမ်းမကြီးတစ်လျှောက် အရပ်သားများကို ဗုံးနှင့် လက်နက်ကြီးများဖြင့် ပစ်မှတ်ထားတိုက်ခိုက်*

အာဏာသိမ်း စစ်ကောင်စီမှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ကို ဖွဲ့စည်းကြောင်း ကြေညာလိုက်သည့် ဇူလိုင်လ ၃၁ ရက်နေ့ မှာပဲ ကရင်နီပြည်နယ်အတွင်း ရှားတောမြို့နယ်၊ ဖားဆောင်းမြို့နယ် နှင့် မယ်စဲ့မြို့နယ် ၊မြို့နယ် ၃ ခု အပါအဝင် ၆၃ မြို့နယ်အား အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ စက်တင်ဘာလ ၁၄ရက်နေ့တွင် အာဏာသိမ်း စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) မှ နိုင်ငံတစ်ဝှမ်း ရွေးကောက်ပွဲ*မကျင်းပနိုင်သော* တိုင်းနှင့်ပြည်နယ်များကို ကြေညာလိုက်သည့်စာရင်းထဲတွင် ကရင်နီပြည်မှ ထိုသုံးမြို့နယ် ပါဝင်ခဲ့သည်။

ဩဂုတ်လမှစပြီး အာဏာသိမ်း စစ်ကောင်စီစစ်ကြောင်းဟာ ဒီးမော့ဆိုမြို့မှ ဖရူဆိုမြို့၊ သည့်အပြင် ဘောလခဲ လမ်းမကြီးတစ်လျှောက်ထိုးစစ်ဆင်လာခြင်းကြောင့် လက်ရှိအချိန်ထိ တော်လှန်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။ လွိုင်ကော်-ဒီမော့ဆို-ဖရူဆို-ဘောလခဲ ပြည်ထောင်စု လမ်းမကြီးကို မြေပြင်စစ်ရေးအခြေအနေအရ ရက်အကန့်အသတ်မရှိပိတ်ထားကြောင့် စက်တင်ဘာလ၂၃ရက်နေ့ မှာ ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) က အသိပေးထုတ်ပြန်ထားပါသည်။ ထိုကြောင့် လုံခြုံရေး အခြေအနေအရ ပြည်သူလူထုများအနေဖြင့် အဆိုပါလမ်းမကြီးကို အသုံးမပြုဖို့ အသိပေးပါသည်။

ကရင်နီပြည်၊ ဒီးမော့ဆို(ရှေ့)မြို့နယ်၊ ထျေးဖိုးကလိုးကျေးရွာအုပ်စု၊ ဒေါဘျာကူးကျေးရွာကို ၁၁/၉/၂၀၂၅ ရက်နေ့၊ ည၈း၃၀ မိနစ်အချိန်တွင် အာဏာသိမ်း စစ်ကောင်စီ၏ ငွေတောင်အခြေစိုက် ခမရ ၁၀၂တပ်နှင့် တန်းမြင့်သင်တန်းကျောင်း အမှတ်၁၄တပ်တို့မှ လက်နက်ကြီး ၆လုံး ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေါဘျာကူးကျေးရွာရှိ လူနေအိမ်တစ်လုံးထိမှန်ကာ အသက်၃၈နှစ်နှင့် ၉၁နှစ် အမျိုးသမီးနှစ်ဦး၊ အသက်၄၄နှစ်

အရွယ် အမျိုးသားတစ်ဦး စုစုပေါင်းမိသားစုဝင် ၃ဦးသေဆုံးခဲ့ပြီး ကျန်မိသားစုဝင် ၁၅နှစ်အောက် မိန်းကလေး နှစ်ဦးနှင့် ယောကျ်ားလေး တစ်ဦး လက်နက်ကြီးစထိမှန် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စိတ်ဒဏ်ရာများလည်း ခံစားရသည်။ ထို့အပြင် နေအိမ်တစ်လုံးပျက်စီးသွားခဲ့သည်။



*လက်နက်ကြီး ထိမှန်သေဆုံးသွားသော မိသာစုဝင်သုံးဦး*


ဒီးမော့ဆိုမြို့နယ် အနောက်ခြမ်းရှိ တနန်းဥက္ကိုင်ဘုရားကျောင်းကို စစ်ကောင်စီမှ စက်တင်ဘာလ ၁၇ရက်၊ မနက်ပိုင်းအချိန်တွင် ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သားများထိခိုက်မှု မရှိသော်လည်း ဘုရားကျောင်းဆောင်ကြီး တစ်ခုပျက်စီးသွားခဲ့သည်။





ပျက်စီးသွားသော တနန်းဥက္ကိုင်ဘုရားကျောင်း

စကစ စစ်ဆင်ရေးနှင့် ချိုးဖောက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ ၁-၃၀ရက်နေ့ထိ၂၀၂၅ ခုနှစ်



*စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

စက်တင်ဘာလ ၁ရက်၊ မနက် ၈နာရီကျော်အချိန် ဒီးမော့ဆိုမြို့အတွင်းရှိ စစ်ရှောင်စခန်းတစ်ခုကို စစ်ကောင်စီမှ Y-12 လေယာဉ်အသုံးပြုကာ ဗုံး၂လုံးကြဲချခဲ့ခြင်းကြောင့် အသက် ၅၀အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၁၂နှစ်အရွယ် ကလေးနှစ်ဦး စုစုပေါင်း ၃ဦး ဗုံးစထိမှန်ဒဏ်ရာရရှိကာ ကျောင်းဆောင်တစ်ခုနှင့် တဲအိမ်တချို့ ပျက်စီးခဲ့သည်။

စက်တင်ဘာ ၂ ရက်၊ နေ့လည်၁၂နာရီ ၄၅ ဖရူဆိုမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုကို အာဏာသိမ်းစစ်ကောင်စီတပ်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် စစ်ရှောင်အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

စက်တင်ဘာလ ၉ရက်၊ ည၈နာရီခွဲအချိန် ဒီးမော့ဆိုမြို့နယ်၊ ထျေးဖိုးကလိုးကျေးရွာအုပ်စု ဒေါဘျာကူးကျေးရွာအတွင်းကို အာဏာသိမ်း စစ်ကောင်စီ၏ ငွေတောင်အခြေစိုက် ခမရ ၁၀၂ နှင့် တန်းမြင့်သင်တန်းကျောင်း အမှတ်၁၄တပ်မှ လက်နက်ကြီး ဖလုံးပစ်ခတ်ခဲ့ခြင်းကြောင့် လူနေအိမ်ထိမှန်ပြီး အသက်၃၈နှစ်နှင့် ၉၁နှစ် အမျိုးသမီးနှစ်ဦး၊ အသက်၄၄နှစ်အရွယ် အမျိုးသားတစ်ဦး စုစုပေါင်းမိသားစုဝင် ၃ဦးသေဆုံးခဲ့ပြီး အသက်၁၅နှစ်အောက်ကလေး ၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၉ရက်နှင့် ၁၀ရက်၊ ည၁၀နာရီဝန်းကျင် ဒီးမော့ဆိုမြို့နယ်အတွင်းကို အာဏာသိမ်း စစ်ကောင်စီတပ်များမှ လက်နက်ကြီး၁၀လုံးထက်မနည်း ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

စက်တင်ဘာလ ၁၂ရက်၊ ည၉နာရီအချိန် အာဏာသိမ်း စစ်ကောင်စီ၏ ဒီးမော့ဆိုမြို့၊ ငွေတောင်အခြေစိုက် ခမရ ၁၀၂တပ်မှ ဒီးမော့ဆိုအနောက်ဘက်ခြမ်းရှိကျေးရွာများသို့ လက်နက်ကြီး ၂လုံးပစ်ခတ်တိုက်ခိုက်ခဲ့သည်။

စက်တင်ဘာလ ၁၄ရက်၊ ညအချိန် လွိုင်ကော်မြို့နယ်၊ ဒေါနိုးကူးရပ်ကွက်တွင် နေထိုင်သူ အသက်မပြည့်သေးသော ကလေး၃ဦး အပါအဝင် အမျိုးသား၅ဦးကို အာဏာသိမ်းစစ်ကောင်စီမှ ရွေးကောက်ပွဲနှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် ဖမ်းဆီးအရေးယူခဲ့သည်။

စက်တင်ဘာလ ၁၆ရက်၊ မနက်၁၀နာရီခွဲအချိန် ရှမ်း-ကရင်နီနယ်စပ် မိုးဗြဲမြို့အနီးလယ်ထဲ၌ စပါးရိတ်နေသော ပြည်သူ၃ဦးကို လွိုင်ကော်မြို့နယ်၊ ဆောဒီးဒေါကျေးရွာသို့ အာဏာသိမ်းစစ်ကောင်းစီမှ ဖမ်းဆီးခဲ့ပြီး ညှင်းပန်းနှိပ်စက်ကာ စက်တင်ဘာ၂၀ရက်တွင် ၂ဦးမှာ ပြန်လည်လွတ်မြောက်လာခဲ့ပြီး ကျန်တစ်ဦးမှာ ပြင်းထန်ဒဏ်ရာကြောင့် မလွတ်မြောက်နိုင်ခဲ့ပါ။

စက်တင်ဘာလ ၁၆ရက်၊ လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်အတွင်း နေအိမ်ပြန်ကြည့်သူ အရပ်သားတစ်ဦး မြေမြှုပ်မိုင်းနင်းမိကာ ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။

စက်တင်ဘာလ ၁၇ရက်၊ မနက်ပိုင်းအချိန် အာဏာသိမ်း စစ်ကောင်စီမှ ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ် အနောက်ခြမ်း တနန်းဥက္ကိုင်ဘုရားကျောင်းကို ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သားများ ထိခိုက်မှု မရှိသော်လည်း ဘုရားကျောင်းဆောင်ကြီး တစ်ခုပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ ၁၈ရက်၊ မနက်အချိန် ရှမ်း-ကရင်နီနယ်စပ် မိုးဗြဲနှင့်လွိုင်ကော်မြို့ကြားရှိ လယ်ထဲတွင် စပါးရိတ်နေသော အမျိုးသမီးနှစ်ဦး နှင့် အမျိုးသားနှစ်ဦးကို လွိုင်ကော်မြို့နယ်၊ ဆောခီးဒေါကျေးရွာသို့ အာဏာသိမ်း စစ်ကောင်စီမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

စက်တင်ဘာလ ၁၈ရက်၊ မနက် ၁၁နာရီဝန်းကျင် လွိုင်ကော်မြို့မှ ထွက်ခွာလာသည့် အာဏာသိမ်း စစ်ကောင်စီတပ် ယာဉ်တန်း၆၀ကျော်သည် ဒီးမော့ဆိုမြို့မှတစ်ဆင့် ဖရူဆိုမြို့ရှိ တန်းမြင့်သင်တန်းကျောင်း အမှတ်၁၄သို့ လက်နက်ခဲယမ်းနှင့် ရိက္ခာများတင်ဆောင်လာခြင်းကြောင့် အရပ်သားပြည်သူများ အလွန်စိုးရိမ်နေကြသည်။ ထိုရက်တွင် ဒီးမော့ဆိုနှင့် ဖရူဆိုမြို့ရှိ အာဏာသိမ်း စစ်ကောင်စီတပ်များမှ လက်နက်ကြီးများ တစ်ရက်လုံးနီးပါ ရမ်းသမ်းပစ်ခတ်ခဲ့သည်။

စက်တင်ဘာလ ၂၆ရက်၊ မနက် ၁၁နာရီခွဲအချိန် ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးကျေးရွာရှိ သီလရှင်ကျောင်းကို အာဏာသိမ်း စစ်ကောင်စီနှင့် ပအိုဝ်းပြည်သူ့စစ် (PNO) တို့ မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ဘော်ဒါဆောင် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

စက်တင်ဘာလ ၂၉ရက်၊ မနက်ပိုင်းအချိန် အာဏာသိမ်းစစ်ကောင်စီ၏ ငွေတောင်အခြေစိုက် ခမရ ၁၀၂မှ ဒီးမော့ဆိုအနောက်ဘက်ခြမ်းကို လက်နက်ကြီးများပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်တချို့နှင့် စိုက်ခင်းမြေထိခိုက်ပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com